MIFER
Ministry of Investment and Foreign Economic Relations

DICA
Directorate of Investment and Company Administration

Myanmar Centre for Responsible Business

# သတင်းထုတ်ပြန်ချက်

## “လုပ်ငန်းခွင်တွင် မြန်မာ့ယဉ်ကျေးမှုကိုလေးစားလိုက်နာခြင်း” စာအုပ်အား DICA နှင့် MCRB တို့မှ မိတ်ဆက်ခြင်း

၆ စက်တင်ဘာလ၂၀၁၉

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန(MIFER)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA) နှင့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business _MCRB) တို့မှ **“လုပ်ငန်းခွင်တွင် မြန်မာ့ယဉ်ကျေးမှုကို လေးစားလိုက်နာခြင်းလမ်းညွှန် စာအုပ်”** အား ယနေ့တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ အဆိုပါ လမ်းညွှန် စာအုပ်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံခြားသားများအနေဖြင့် မြန်မာ့ယဉ် ကျေးမှု ထုံးတမ်းဓလေ့များကို ပိုမိုနားလည်စေရန်နှင့် လုပ်ငန်းခွင်နှင့် ဒေသခံများအကြားတွင် ဓလေ့ထုံး တမ်းဆိုင်ရာ အထင်လွဲမှုများ မပေါ်ပေါက်စေရန်ဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်ကို MCRB က DICA နှင့် ပူးပေါင်း၍ ရေးသားပြုစုထားခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အကြံပြုချက်များလည်း ထည့်သွင်းထားပါသည်။

ဤစာအုပ်၏ ကာတွန်းပုံများမှာ မြန်မာ့ထိပ်တန်း ကာတွန်းဆရာ အောင်ပီကျယ်၏ လက်ရာများဖြစ်ပြီး ဝတ်စားဆင်ယင်ခြင်း၊ စားသောက်ခြင်း၊ နှုတ်ဆက်ခြင်းနှင့် ခန္ဓာကိုယ်အမူအရာစသည့် သတိထား ဆောင်ရွက်သင့်သည့် အကြောင်းအရာများပါဝင်ပါသည်။ လူမှုရေးဆိုင်ရာ အထင်အမြင် လွဲမှားမှုများ အား ကာကွယ်တားဆီးရန်နှင့် စီးပွားရေးဆိုင်ရာ အောင်မြင်မှုများ ပိုမိုရရှိစေရန်အတွက် ဒေသခံလူထု အသံအား နားထောင်ခြင်းနှင့် ၎င်းတို့ထံမှ လေ့လာသင်ယူခြင်းတို့၏ အရေးကြီးပုံကိုလည်း

ဤလမ်းညွှန် စာအုပ်တွင် အဓိက ဖော်ညွှန်းထားပါသည်။ ဤစာအုပ်သည် အပြန်အလှန်လေးစားမှုနှင့် နားလည်မှု တို့ ကို အဓိကထား၍ ရေးသားပြုစုထားခြင်းဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံရှိ လုပ် ငန်းခွင်ဆိုင်ရာ ဥပဒေများ (ဥပမာအားဖြင့် အလုပ်သမား၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ကာ ကွယ်ထိန်းသိမ်းရေး ဆိုင်ရာဥပဒေများ) ကိုလည်းရင်းနှီး ကျွမ်းဝင်မှုရှိနေရန် လိုအပ်ပါသည်။

ဤစာအုပ်နှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းမှ "**တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ လေးစားလိုက်နာမှုရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ လေးစားလိုက်နာမှုရှိပြီး အားလုံးပါဝင်ခွင့်ရှိသော လုပ်ငန်းခွင်များသည် အမြဲတစေပိုမို၍ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပြီး ဝန်ထမ်းများ၏ အလုပ်ထွက်နှုန်းလည်း ပိုမိုလျော့ပါးသွားမည်ဖြစ်သည်။ မတူကွဲပြားသော ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းများအား လေးစားလိုက်နာမှုရှိခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအပါအဝင် ကျွန်ုပ်တို့အစိုးရ၏ ပိုမိုကျယ်ပြန့်သော မျှော်မှန်း ချက်များကို မုချ ပံ့ပိုးပေးနိုင်မည် ဖြစ်သည်**" ဟုပြောကြားခဲ့ပါသည်။

MCRB ၏ ဒါရိုက်တာဖြစ်သူ Ms. Vicky Bowman မှလည်း "**နိုင်ငံခြားသား ကုမ္ပဏီဝန်ထမ်းတွေရဲ့ ယဉ်ကျေး မှုဆိုင်ရာ အသေးအဖွဲ နားလည်မှုကွဲလွဲခြင်းတွေက ဒေသခံလူထုအပါအဝင် အခြားထိခိုက်မှုတွေ ပိုဖြစ်လာစေနိုင်ပြီး နောက်ဆုံးမှာ ရင်းနှီးမြှုပ်နှံမှုတွေကိုပါ ပျက်စီး ထိခိုက်လာနိုင်ပါတယ်။ အဲဒီ ယဉ်ကျေးမှုဆိုင်ရာ နားလည်မှုကွဲပြားခြင်းတွေကြောင့်ပဲ လုပ်ငန်းခွင်ထဲမှာလည်း စိတ်အား ထက်သန်မှု လျော့ကျစေပြီး အလုပ်ဖြစ်သင့်သလောက်**

**မဖြစ်နိုင်တော့ပါဘူး**" ဟုပြောကြားခဲ့သည်။ ရင်းနှီးမြှုပ်နှံ သူများနှင့် ၎င်းတို့၏ ဝန်ထမ်းများသည် မြန်မာနိုင်ငံ၏ ဝေးလံခေါင်ဖျားသည့် အရပ်ဒေသများရှိ ဒေသ ဆိုင်ရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်မှသာ ဒေသခံပြည်သူများနှင့် ကောင်းမွန်သော ဆက်ဆံ ရေးတည်ဆောက်နိုင်မည်ဖြစ်ကြောင်း လမ်းညွှန်စာအုပ်တွင် အဓိကထား ဖော်ပြထားပါသည်။

ဤစာအုပ်တွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကျယ်ကျယ်ပြန့်ပြန့် နားလည် စေနိုင်ရန် အတွက် ရေးသားဖော်ညွှန်းထားသည့် အပြင် အစိုးရ၊ ပုဂ္ဂလိက၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာဒေသခံများနှင့် ဝန်ထမ်းများ ပါဝင်ဖြေဆိုထားသည့် အင်တာဗျူးများနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ၏ ရလဒ်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

ဆက်လက်၍ MCRB ၏ ဒါရိုက်တာဖြစ်သူ Ms. Vicky Bowman မှ "**မြန်မာနိုင်ငံမှာရှိသည့် အမျိုးမျိုးသော ယဉ်ကျေးမှုတွေကို လေးစားလိုက်နာခြင်းသည် တန်းတူညီမျှမှုရှိစေဖို့ မြှင့်တင်ပေးရာ ရောက်သလို ခွဲခြားဆက်ဆံမှု ပပျောက်ဖို့ ဆောင်ရွက်ရာလည်းရောက်ပါတယ်။ နောက်ပြီးအပြန်အလှန် လေးစားမှုရှိတဲ့ လုပ်ငန်းခွင်တစ်ခု တည်ဆောက်ဖို့အတွက်လည်း အင်မတန်အရေး ကြီးပါတယ်**" ဟုသုံးသပ်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းမှလည်း "**နိုင်ငံခြားမှလာရောက်လုပ်ကိုင် သောမန်နေဂျာများကို ဦးတည်၍ ပြည်ထောင်စု အတွင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားမျိုးနွယ်စုများ၏ ထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှုများ ကိုလေးစားမှုရှိပြီး လိုက်နာမှုရှိစေရန် အတွက်ဤ လမ်းညွှန်စာအုပ်ကို ရေးသားထားသော်လည်း စာအုပ်တွင်ပါဝင်သည့် အကြောင်းအရာများသည် လူတိုင်းအတွက် အရေးကြီးပါသည်**" ဟု ထပ်မံပြော ကြားထားသည်။

“လုပ်ငန်းခွင်တွင် မြန်မာ့ယဥ်ကျေးမှုကို လေးစားလိုက်နာခြင်းဆိုင်ရာ လမ်းညွှန်စာစောင်” ကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာနှင့် တရုတ်ဘာသာ တို့ဖြင့် www.dica.gov.mm နှင့် www.mcrb.org.mm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ ဂျပန်ဘာသာ၊ ကိုးရီးယားဘာသာနှင့် ထိုင်းဘာသာဖြင့် ပြန်ဆိုထားသည့် စာစောင်များကိုမူ ယခုနှစ်ကုန်ပိုင်းတွင် ထုတ်ဝေနိုင်ရန် စီစဉ်လျှက်ရှိပါသည်။

ယခုလမ်းညွှန်ပုံနှိပ်စာအုပ်များကို DICA ၏ တိုင်းနှင့် ပြည်နယ်ရုံးခွဲများ၊ အခမ်းအနားများတွင် ရယူနိုင်ပြီး အစိုးရဝန်ကြီးဌာနများ၊ နိုင်ငံခြားအဖွဲ့အစည်းများသို့ ဖြန့်ဖြူးပေးသွားမည် ဖြစ်ပါသည်။ ထပ်မံ လိုအပ်ပါက MCRB တွင် ဝယ်ယူရရှိနိုင်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာနအကြောင်း တစ်စေ့တစ်စောင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် စတင် ဖွဲ့စည်း ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဦးဆောင်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဌာန တစ်ခုဖြစ်ပြီး မြန်မာကုမ္ပဏီများဥပဒေအရ ပြည်တွင်းနှင့် ပြည်ပ စီးပွားရေးလုပ်ငန်းများ၏ ကုမ္ပဏီ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတွင်းရေးမှူးရုံး အဖြစ် လည်း တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ကြီးကြပ်ခြင်း ကိစ္စရပ်များကို အဓိက တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ (www.dica.gov.mm)

MIFER
Ministry of Investment and Foreign Economic Relations

DICA
Directorate of Investment and Company Administration

Myanmar Centre for Responsible Business

## မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business _MCRB) အကြောင်းတစ်စေ့တစ်စောင်း

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) သည် the Institute for Human Rights and Business (IHRB) နှင့် the Danish Institute for Human Rights (DIHR) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွဲ့စည်းထားသည့် ရန်ကုန်အခြေစိုက် အဖွဲ့အစည်းဖြစ်ပြီး ယူကေ၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အိုင်ယာလန်အစိုးရတို့မှ ရန်ပုံငွေများ ထောက်ပံ့ပေးထားသည်။ ၂၀၁၃ ခုနှစ် တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်တွင်းလိုအပ်ချက်များနှင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများပေါ်တွင် မူတည်၍ မြန်မာနိုင်ငံတစ်ဝန်း၌ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှုများကို အားပေးမြှင့်တင်ရန် အတွက် ပညာဗဟုသုတဖြစ်စေရန်လည်းကောင်း၊ စွမ်းရည်မြှင့်တင်ပေးရန်လည်းကောင်း၊ ဆွေးနွေးညှိ နှိုင်းမှုများ ဖြစ်ထွန်းလာစေရန်လည်းကောင်း ထိရောက်မှုရှိသော တရားဝင် အခင်းအကျင်းတစ်ခုကို ပံ့ပိုး ပေးနိုင်ရန် ရည်ရွယ်ပါသည်။ MCRB သည် စီးပွားရေးလုပ်ငန်းများ၊ အရပ်ဖက် လူ့အဖွဲ့အစည်းများနှင့် အစိုးရဌာနများကြားတွင် ဘက်လိုက်မှုကင်းသည့် အဖွဲ့အစည်းအဖြစ် ရပ်တည်လျက်ရှိသည်။ (www.mcrb.org.mm)

### ပိုမိုသိရှိလိုပါကဆက်သွယ်ရန် -

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA) - ဒေါက်တာဝဏ္ဏအောင်၊ ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ၊ dica.ip.mm@gmail.com (သို့မဟုတ်) ၀၁-၆၅၈၁၃၂

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန(MCRB) - ဖြူဖြူဇင်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအရာရှိ၊ phyuphyu.zin@myanmar-responsiblebusiness.org (သို့မဟုတ်) ၀၉၇၉၉၆၆၇၇၁၃